ပုံစံ(၁၁)

**ခုံသမာဓိကောင်စီ**

**ခုံအဖွဲ့၏ဆုံးဖြတ်ချက်**

{ နည်းဥပဒေ ၂၃(စ) }

**ခုံအဖွဲ့**

၂၀၁၇ ခုနှစ်၊ လျှောက်ထားသည့်အငြင်းပွားမှုအမှတ်(၅၄/၂၀၁၇)

| | |
|---|---|
| ဒေါ်ချိုချိုမှာ(ပိုင်ရှင်/Director)<br>ဒေါ်သီတာလှိုင် (Admin Manager/အလုပ်ရှင်၏<br>ကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ)<br>Krislite Lighting Specialist Co.,Ltd၊<br>အမှတ်(၃)၊ ကန်ဘဲ့လမ်း၊<br>ရန်ကင်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။ | လျှောက်ထားသူ |

နှင့်

| | |
|---|---|
| ဦးမျိုးမင်းဝင်း (ယာဉ်မောင်း)<br>အမှတ် (၉၂)၊ ခေမာ(၅)လမ်း၊ (၄)ရပ်ကွက်၊<br>မြောက်ဥက္ကလာပမြို့နယ်၊<br>ရန်ကုန်တိုင်းဒေသကြီး။ | လျှောက်ထားခြင်းခံသူ |

ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်

**ဆုံးဖြတ်ချက်**

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ ကန်ဘဲ့လမ်း၊ အမှတ် (၃)ရှိ Krislite Lighting Specialist Co.,Ltd ပိုင်ရှင် ဒေါ်ချိုချိုမှာ(Director)၊ ဒေါ်သီတာလှိုင် (Admin Manager/အလုပ်ရှင်၏ကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ)နှင့် ယာဉ်မောင်းအလုပ်သမား ဦးမျိုးမင်းဝင်းတို့ကြား ဖြစ်ပွားသော အငြင်းပွားမှုကို ရန်ကင်းမြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ ညှိနှိုင်းဆောင်ရွက်ပေးခဲ့သော်လည်း ပြေလည်မှုမရရှိသဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က အငြင်းပွားမှုအမှတ် (၇၃/၂၀၁၇) အရ ထိုအငြင်းပွားမှုကို ကြားနာစစ်ဆေးပြီး ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ၊ ၂၁ ရက်နေ့တွင် ဆုံးဖြတ်ပေးခဲ့သည်။

၂။ ဤအငြင်းပွားမှုသည် တောင်းဆိုသူ ဦးမျိုးမင်းဝင်း (ယာဉ်မောင်း)မှ တောင်းဆိုခြင်းခံရသူ ဒေါ်ချိုချိုမာ(ပိုင်ရှင်/Director)ထံတွင် အလုပ်မှထုတ်ပယ်ခံရသဖြင့် အလုပ်ပြန်လည်ခန့်ထားပေးရန် တောင်းဆိုသည်မှ ဖြစ်ပွားလာသော အငြင်းပွားမှုဖြစ်သည်။

၃။ ထိုတောင်းဆိုချက်အပေါ်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က ကောက်ချက်(၁) ချက် ရေးဆွဲပြီးအဆုံးအဖြတ်ပေးခဲ့ရာ တောင်းဆိုခြင်းခံရသူ ဒေါ်ချိုချိုမာ(ပိုင်ရှင်/Director)မှ အောက်ပါ ကောက်ချက်အမှတ်(၁)ပေါ်တွင် ဆုံးဖြတ်သော ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိ၍ လျှောက်ထားခြင်း ဖြစ်သည်-

**ကောက်ချက်အမှတ်(၁)။** ယာဉ်မောင်း ဦးမျိုးမင်းဝင်းအား အလုပ်မှထုတ်ပယ်ခံရခြင်းအပေါ် အလုပ်ပြန်လည်ခန့်ထားရန် သင့်/မသင့်။

**ဆုံးဖြတ်ချက်အမှတ်(၁)။** ယာဉ်မောင်း ဦးမျိုးမင်းဝင်းအား ဆုံးဖြတ်သည့်နေ့မှ ၇ ရက်အတွင်း မူလရာထူး၊ မူလနေရာ၊ မူလလစာဖြင့် မူလလုပ်သက်မပျက် အလုပ်ပြန်လည်ခန့်ထားရန်နှင့် အလုပ်ရပ်စဲခံရသည့်နေ့မှ အလုပ်ပြန်လည်ခန့်ထားသည့်နေ့အထိ ကြားကာလနစ်နာကြေးထုတ်ပေးရန် ဆုံးဖြတ်သည်။

၄။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ အငြင်းပွားမှုအမှတ် (၇၃/၂၀၁၇) ဆုံးဖြတ်ချက် အပေါ်တွင် ကျေနပ်မှုမရှိသဖြင့် Krislite Lighting Specialist Co.,Ltd ပိုင်ရှင် ဒေါ်ချိုချိုမာ (Director)၊ ဒေါ်သီတာလှိုင် (Admin Manager/ အလုပ်ရှင်၏ကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ) မှ ခုံသမာဓိကောင်စီသို့ အယူခံလျှောက်ထားလာသဖြင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ခုံသမာဓိကောင်စီ၊ အမိန့်ကြော်ငြာစာအမှတ် (၅၉/၂၀၁၇) ဖြင့် ခုံသမာဓိ ကောင်စီ၊ အမှုအမှတ်(၅၄/၂၀၁၇)အား ကြားနာစစ်ဆေးမည့် အစိုးရကိုယ်စားလှယ် ဦးဖေအောင်ဝန်၊ အလုပ်ရှင်ကိုယ်စားလှယ် ဦးထွန်းအောင်၊ အလုပ်သမားကိုယ်စားလှယ် ဦးနေမင်း တို့ပါဝင်သော ခုံအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်။

၅။ ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့သည် အမှုတွဲကိုလက်ခံရရှိပြီးနောက် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေး အဖွဲ့နှင့် ခုံသမာဓိအဖွဲ့၏မှတ်တမ်းများ၊ တင်ပြလာသောစာရွက်စာတမ်းများ၊ အထောက်အထား သက်သေခံများ၊ တောင်းဆိုသူနှင့် တောင်းဆိုခြင်းခံရသူတို့၏ တောင်းဆိုလွှာ၊ ချေပလွှာများ၊ နှစ်ဖက် ထွက်ဆိုချက်များနှင့် ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့ရှေ့မှောက်၌ ဆင့်ဆိုစစ်ဆေးမေးမြန်းမှုများမှရရှိသည့် ထွက်ဆိုတင်ပြချက်များအပေါ်တွင်လည်းအခြေခံ၍ အလုပ်ရှင်ဘက်က ခုံသမာဓိကောင်စီသို့ အယူခံ တင်ပြလျှောက်ထားလာသည့် ကျေနပ်မှုမရှိဆိုသည့် ဆုံးဖြတ်ချက်(၁)ချက်အား ခုံအဖွဲ့က

ကောက်ချက်အဖြစ်သတ်မှတ်ရသည့်လုပ်ထုံးအရ ခုံအဖွဲ့က ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်(၁)ချက်ကို အောက်ပါကောက်ချက် (၁)အဖြစ် သတ်မှတ်သုံးသပ်၍ ဆုံးဖြတ်လိုက်သည်-

**ကောက်ချက်အမှတ်(၁)။** ယာဉ်မောင်း ဦးမျိုးမင်းဝင်းအား အလုပ်မှထုတ်ပယ်ခံရခြင်းအပေါ် အလုပ်ပြန်လည်ခန့်ထားရန် သင့်/မသင့်။

**<u>အငြင်းပွားမှုဖြစ်စဉ်နှင့်အကြောင်းခြင်းရာတွေ့ရှိချက်</u>**

၆။ Krislite Lighting Specialist Co.,Ltd တွင် ဦးမျိုးမင်းဝင်းသည် (၁၆-၃-၂၀၁၆) ရက်နေ့တွင် ယာဉ်မောင်းရာထူးဖြင့် အလုပ်စတင်ဝင်ရောက်ခဲ့သည်။ ကုမ္ပဏီအလုပ်ရှင်သည် ယခင်က ဦးမျိုးမင်းဝင်းအား ခရီးစရိတ်အဖြစ် တစ်နေ့လျှင် ၄၀၀ဝိ/- ပေးခဲ့ရာမှ (၂၆-၅-၂၀၁၇) ရက်နေ့နောက်ပိုင်းမှစ၍ ခရီးစရိတ် ၂၀၀ဝိ/-သာထုတ်ပေးခဲ့သည်။ အလုပ်ရှင်/စီမံခန့်ခွဲသူက ဦးမျိုးမင်းဝင်းသည် ယခင်က မြောက်ဥက္ကလာပတွင်နေသူဖြစ်၍ ခရီးစရိတ် ၄၀၀ဝိ/- ပေးခဲ့ခြင်းဖြစ်ပြီး၊ ယခုကုမ္ပဏီရုံးတည်ရှိသည့် ရန်ကင်းမြို့နယ်ရှိ ပါရမီကန်ဘဲ့ဈေးအနီး၊ ယောက္ခမအိမ်တွင်နေသဖြင့် ခရီးစရိတ် ၂၀၀ဝိ/-သာထုတ်ပေးရခြင်းဖြစ်ကြောင်း ပြောဆိုသည်။ ဦးမျိုးမင်းဝင်းက ၎င်းနှုန်းထားဖြင့်သာပေးပါက ကုမ္ပဏီဒါရိုက်တာကို ကားအကြိုအပို့မလုပ်ပေးနိုင်ကြောင်းပြောသည်။ အလုပ်ရှင်/စီမံခန့်ခွဲသူက အဆင်ပြေလျှင်လည်းလုပ်ပါ၊ အဆင်မပြေပါက မလုပ်နဲ့ဟုပြောဆိုသည်။ (၉-၆-၂၀၁၇) ရက်နေ့တွင် ဦးမျိုးမင်းဝင်းသည် မိမိအား အလုပ်ထုတ်ခံရသဖြင့် ဥပဒေအရအကျိုးခံစားခွင့်များရလိုကြောင်း ရန်ကင်းမြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့သို့ တိုင်ကြားသဖြင့် ဤအငြင်းပွားမှုဖြစ်ပွားလာရခြင်းဖြစ်သည်။

၇။ ဤအငြင်းပွားမှုအား မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့က ညှိနှိုင်းဆောင်ရွက်ပေးရာတွင် ပြေငြိမ်းမှုမရရှိဘဲ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ အဆုံးအဖြတ်ကိုခံယူကြသည်။ ခုံသမာဓိအဖွဲ့က စီရင်ဆုံးဖြတ်ချက်ချမှတ်ပေးခဲ့ရာ အလုပ်ရှင်/စီမံခန့်ခွဲသူက ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိသဖြင့် ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့သို့ အယူခံလျှောက်ထားလာသော အငြင်းပွားမှုဖြစ်ပေသည်။

**<u>သုံးသပ်ချက်</u>**

၈။ ကုမ္ပဏီသည် တောင်းဆိုသူ ဦးမျိုးမင်းဝင်း(ယာဉ်မောင်း)အား (၁၆-၃-၂၀၁၆) ရက်နေ့မှစ၍ လစာ ၂၇၀၀၀ဝိ/- ဖြင့် အလုပ်ခန့်ထားသည်။ ၎င်းတာဝန်ထမ်းဆောင်သည့်ကာလအတွင်း ကုမ္ပဏီစည်းကမ်းမလိုက်နာခြင်း၊ အကြိမ်ကြိမ်ခေါ်ယူသတိပေးခံရခြင်း၊ (၂၆-၅-၂၀၁၇) ရက်နေ့တွင် ရုံးဝင်း၌ ဝန်ထမ်းတစ်ဦးနှင့် ကိုယ်ထိလက်ရောက်ခိုက်ရန်ဖြစ်ပွားခြင်း၊ ကုမ္ပဏီမှ ၎င်းတို့(၂)ဦးအား နောင်တွင် ဤကဲ့သို့မဖြစ်ပွားရန်အသိပေး၍ ဝန်ခံကတိလက်မှတ်ရေးထိုးစေရာ၌ ဦးမျိုးမင်းဝင်းက ကတိခံဝန်ချက်လက်မှတ် ရေးထိုးမပေးဘဲငြင်းဆန်ခြင်း၊ (၆-၆-၂၀၁၇) ရက်နေ့မှစ၍ အလုပ်သို့လာရောက်ခြင်း

မရှိဘဲ တစ်ဆက်တည်းခွင့်မဲ့ပျက်ကွက်ခြင်းများကြောင့် အလုပ်မှရပ်စဲရန် အလုပ်ရှင်/ စီမံခန့်ခွဲသူက စီစဉ်ဆောင်ရွက်ခဲ့ရခြင်းကို ထွက်ဆိုချက်များနှင့် တင်ပြလာသော သက်သေခံစာရွက်စာတမ်းနှင့် ဓာတ်ပုံအထောက်အထားများအရ မှန်ကန်ကြောင်းတွေ့ရှိရသည်။

၉။ တောင်းခံသူ အလုပ်သမားကျူးလွန်သောပြစ်မှုများတွင် ရုံးဝင်းအတွင်း ကိုယ်ထိလက်ရောက် ခိုက်ရန်ဖြစ်ပွားခြင်းသည် ချမှတ်ထားသည့် လုပ်ငန်းခွင်စည်းကမ်းများအရ ကြီးလေးသောပြစ်မှုကို ကျူးလွန်ခြင်းဖြစ်သဖြင့် အလုပ်သမားအား မည်သည့်နစ်နာကြေးမျှပေးရန်မလိုဘဲ အလုပ်မှရပ်စဲခံ ရနိုင်သည်။ သို့ရာတွင် အလုပ်ရှင်/စီမံခန့်ခွဲသူက အလုပ်ရပ်စဲ/ထုတ်ပယ်ခြင်းမပြုခဲ့ပေ။ အလုပ်သမား ဦးမျိုးမင်းဝင်းက ယခင်ပေးခဲ့သော ခရီးစရိတ် ၄၀၀၀ိ/- အစား ၂၀၀၀ိ/- သို့ လျှော့၍ပေးခြင်းကို အကြောင်းပြုကာ ကျေနပ်မှုမရှိဘဲ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့သို့ သွားရောက်တိုင်ကြားသည့် (၉-၆-၂၀၁၇)ရက်နေ့မှစ၍ အလုပ်သို့သွားရောက်ခဲ့ခြင်းမရှိဘဲ ခွင့်မဲ့ပျက်ကွက်သည့် အခြေအနေသို့ ရောက်ရှိသွားရသည်။ ထိုအခါ အလုပ်ခွင်စည်းကမ်းအတိုင်း တစ်ဆက်တည်းခွင့်မဲ့ ပျက်ကွက်ခြင်း အတွက် အလုပ်မှရပ်စဲရန်စီစဉ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သုံးသပ်တွေ့ရှိရသည်။

၁၀။ ကုမ္ပဏီသည် အလုပ်ခန့်ထားမှုဆိုင်ရာသဘောတူစာချုပ် (EC) ချုပ်ဆိုထားရှိမှုမရှိဘဲ ဝန်ထမ်း/အလုပ်သမားနှင့် ယာဉ်မောင်းများလိုက်နာရမည့် စည်းမျဉ်းစည်းကမ်းကျင့်ဝတ်များကို ရုံးတွင်းအမိန့်စာဖြင့် ထုတ်ပြန်ဆောင်ရွက်ထားသည်ကို တွေ့ရှိရသည်။ အလုပ်ရှင်/စီမံခန့်ခွဲသူက ခုံသမာဓိကောင်စီသို့ အယူခံလျှောက်ထားလွှာတွင် ကုမ္ပဏီအနေဖြင့် ယာဉ်မောင်း ဦးမျိုးမင်းဝင်း၏ ကိစ္စတွင်ကုမ္ပဏီ၏အမှားတစ်စုံတစ်ရာကြောင့်မဟုတ်သော်လည်း ကုမ္ပဏီ၏ယာဉ်မောင်းတစ်ယောက် ဖြစ်ခဲ့သည့်အတွက် လူမှုရေး၊ မိသားစုစားဝတ်နေရေးအဆင်ပြေစေရန်အတွက် လူမှုရေးအရ ထောက်ပံ့ငွေကို ကုမ္ပဏီအနေဖြင့် စီစဉ်ဆောင်ရွက်ပေးရန်အစီအစဉ်ရှိကြောင်းဖော်ပြ၍ လျှောက်ထား သည့်အချက်ကို ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့က အလုပ်သမားအတွက် လူမှုရေးတရားမျှတမှုနှင့် အလုပ်ရှင်၏ ကောင်းမွန်သော လူမှုရေးညှာတာထောက်ထားမှုကို အလေးအနက်ထား၍ ဆင်ခြင် သုံးသပ်ရန် သဘောရရှိသည်။

၁၁။ ထို့ပြင် ကျွန်ုပ်တို့ ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့၏ ရှေ့မှောက်တွင် အလုပ်သမားက မိမိအနေဖြင့် လူမှုရေးအခက်အခဲများရှိသဖြင့် လူမှုကရုဏာကြေးအဖြစ် ၄၀၀၀၀၀ိ/- (ကျပ်လေးသိန်းတိတိ)ကို ပေးစေလိုပါကြောင်း တောင်းခံတင်ပြထွက်ဆိုသည်။ အလုပ်ရှင်/စီခံခန့်ခွဲသူကလည်း ဦးမျိုးမင်းဝင်း တောင်းခံသည့်အတိုင်း ၎င်း၏လူမှုရေးအခက်အခဲကို စာနာထောက်ထား၍ လူမှုကရုဏာကြေးကို ခံစားခွင့်ပြုရန် သဘောတူဆန္ဒရှိပါကြောင်းထွက်ဆိုတင်ပြကြသည်။

၁၂။ ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့သည် အထက်ပါနှစ်ဦးနှစ်ဖက်ထွက်ဆိုတင်ပြသောဆန္ဒတူ သဘောတူချက်တို့ကို ထောက်ရှု၍လည်းကောင်း၊ လူမှုရေးတရားမျှတမှုကိုရှေးရှု၍လည်းကောင်း၊ အောက်ပါအတိုင်း စီရင်ဆုံးဖြတ်လိုက်သည်-

**ဆုံးဖြတ်ချက်အမှတ်(၁)။** ရန်ကုန်တိုင်းဒေသကြီး၊ခုံသမာဓိအဖွဲ့၏ အငြင်းပွားမှုအမှတ်(၇၃/၂၀၁၇) ဆုံးဖြတ်ချက်ကို ပယ်ဖျက်လိုက်ပြီး အလုပ်ရှင်မှ ဦးမျိုးမင်းဝင်း (ယာဉ်မောင်း) အား လူမှုကရုဏာကြေး ၄၀၀၀၀၀ိ/- (ကျပ်လေးသိန်းတိတိ)ကို ခံစားခွင့်ပြုရန် ဆုံးဖြတ်သည်။

ဤဆုံးဖြတ်ချက်သည်အထက်တွင် ဖော်ပြထားသောနေ့ရက်မှစ၍အာဏာတည်စေရမည်။

၁၄။ အထက်ပါဆုံးဖြတ်ချက်အရပေးရန်တာဝန်ရှိသည့်ငွေများကို ရက်ပေါင်း ၃၀ အတွင်း ပေးရမည်။

၁၄ ၊ ၈ ၊ ၂၀၁၇

| | | |
|---|---|---|
| ဦးထွန်းအောင် | ဦးဖေအောင်ဝန် | ဦးနေမင်း |
| အဖွဲ့ဝင် | ဥက္ကဋ္ဌ | အဖွဲ့ဝင် |